

RESEARCH, INSIGHTS, AND IDEAS

# The Knowledge Series

## အမေရိကန်နှင့်တရုတ်အကြားပြိုင်ဆိုင်မှုများ၏ မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများ နှင့် မြန်မာနိုင်ငံအတွက်ရွေးချယ်နိုင်သော အခွင့်အလမ်းများ

သုတေသနစာစောင် အမှတ် (၃)

၂၀၂၄ ခုအောက်တိုဘာ ၂၆ ရက်

# အမေရိကန်နှင့်တရုတ်အကြားပြိုင်ဆိုင်မှုများ၏ မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများ

Knowledge Series အမှတ် (၃) တွင် အမေရိကန်နှင့်တရုတ်တို့၏ပြိုင်ဆိုင်မှုကြောင့် မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများနှင့်၊ ပထဝီဝင်နိုင်ငံရေးပြိုင်ဆိုင်မှုများအကြား မြန်မာနိုင်ငံအတွက် ရွေးချယ်နိုင်သော အခွင့်အလမ်းများအကြောင်းကို အကောင်းဆုံးထုတ်နှုတ်တင်ပြထားပါသည်။

နိုင်ငံတနိုင်ငံ၏ပြည်တွင်းနိုင်ငံရေးသည် နိုင်ငံတကာဆက်ဆံရေးနှင့်လည်း ဆက်စပ်မှုရှိပါသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများ၏အားပြိုင်မှု အိမ်နီးချင်းနိုင်ငံများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်သက်ရောက်မှုရှိပါသည်။ ဤစာတမ်းတွင် တရုတ်နှင့်အမေရိကန်တို့၏ အားပြိုင်မှုမှ မြန်မာ့ပြည်တွင်းရေးတွင်မည်သို့မည်ပုံ သက်ရောက်နေသည်ကို စာရေးသူက မီးမောင်းထိုးပြထားပါသည်။

ထိုအားပြိုင်မှုသည် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းဖြစ်သကဲ့သို့ အန္တရာယ်ရှိသောအခြေအနေသို့လည်းရောက်သွားနိုင်ပါသည်။ ဤအခြေအနေမျိုးတွင် အချုပ်အခြာအာဏာပိုင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အကျိုးအတွက် ရပ်တည်ဆောင်ရွက်သွားနိုင်သော နည်းလမ်းနှင့်၊ အခွင့်အလမ်းများကိုဤစာတမ်းတွင်တွေ့ရှိရပါသည်။ နိုင်ငံတစ်နိုင်ငံ၏အရေးသည် ထိုနိုင်ငံသားတိုင်း၏အရေးပင်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့

The Knowledge Series
Independent Study Group
myanmarknowledgeseries@gmail.com

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၆ရက်

RESEARCH, INSIGHTS AND IDEAS

# The Knowledge Series

## သုတေသနစာစောင်အမှတ် (၃)

# အမေရိကန်နှင့်တရုတ်အကြားပြိုင်ဆိုင်မှုများ၏ မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများ

က) အမေရိကန်နှင့်တရုတ်တို့၏ အရှေ့တောင်အာရှဒေသတွင် ပြိုင်ဆိုင်မှုအကျဉ်းချုပ်

ခ) အမေရိကန်-တရုတ် အားပြိုင်မှု စစ်မြေပြင်၊ မြန်မာနိုင်ငံ

ဂ) မြန်မာ့ပြည်တွင်းနိုင်ငံရေးအပေါ် အကျိုးသက်ရောက်မှုများ

ဃ) မြန်မာ့ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံတကာနိုင်ငံရေး အပြန်အလှန်ဆက်စပ်မှီခိုမှု

င) မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမေရိကန်-တရုတ် ပြိုင်ဆိုင်မှု၏ ရေရှည်သက်ရောက်မှုများ

စ) ပထဝီနိုင်ငံရေးတင်းမာမှုများကြားမှ မြန်မာနိုင်ငံ၏ ရှေ့ခရီးလမ်းများ

မောင်ဘဦး၊ မောင်မြင့်စံ

## က)	အမေရိကန်နှင့် တရုတ်၏အရှေ့တောင်အာရှ ဒေသတွင် ပြိုင်ဆိုင်မှု အကျဉ်းချုပ်

### ၁။	အမေရိကန်နှင့် တရုတ်အကြား အရှေ့တောင်အာရှဒေသ တွင်း ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှု သမိုင်းနောက်ခံ

ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလအချိန်မှစ၍ အမေရိကန် နှင့် တရုတ်တို့သည် အရှေ့တောင်အာရှဒေသတွင်း ပထဝီနိုင်ငံရေးအရ သြဇာအာဏာ စိုးမိုးနိုင်ရန် ပြိုင်ဆိုင်ခဲ့ကြပါသည်။ ထိုအချိန်အတွင်းတွင် အရှေ့တောင် အာရှဒေသသည် အမေရိကဦးဆောင်သည့် အရင်းရှင်စနစ်နှင့် ဆိုဗီယက်၊ တရုတ်တို့ ၏ ကွန်မြူနစ် စနစ်ကြား အတွေးအခေါ် အယူဝါဒပြိုင်ဆိုင်မှုများ အဓိကဖြစ်ပွားရာ နေရာလည်းဖြစ်ခဲ့ပါသည်။ ဗီယက်နမ် အမေရိကန် စစ်ပွဲသည် အမေရိကန်တို့မှ ဒေသတွင်း ကွန်မြူနစ်အယူဝါဒ မပြန့်ပွားအောင် တားဆီးရေး ကြိုးပမ်းမှု၏ အထူးမြင်သာသော အကျိုးဆက်ဖြစ်ပါသည်။ စစ်အေးကာလနောက်၊ ၂၀ ရာစုနှောင်းပိုင်းတွင် တရုတ်သည် စီးပွားရေး ပြုပြင်ပြောင်းလဲတိုးတက်လာပြီး ၎င်း၏ အရှေ့တောင်အာရှဒေသပေါ် သြဇာစိုးမိုးမှုမှာလည်း တဖြည်းဖြည်းကြီးမားလာပါသည်။ အမေရိကန်မှလည်း ဒေသတွင်းနိုင်ငံများဖြင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှု၊ မိတ်ဖက်ကုန်သွယ်မှု နှင့် သံတမန်ဆက်ဆံရေးများမှတဆင့် ၎င်း၏ သြဇာတည်မြဲစေဖို့ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

၂၁ရာစုမှစ၍ အရှေ့တောင်အာရှဒေသသည် တရုတ်-အမေရိကန် ပြိုင်ဆိုင်မှုအတွက် ပိုမိုအရေးကြီးသော ဒေသတစ်ခုဖြစ်လာပါသည်။ တရုတ်၏ စီးပွားရေးအင်အားပိုမိုကြီးထွားလာသလို ပိုးလမ်းမသစ်စီမံကိန်း (Belt and Road Initiative, BRI) ကဲ့သို့ ၎င်း၏ ဒေသတွင်း

လွှမ်းမိုးနိုင်မှုကိုချဲ့ထွင်ရန်ရည်ရွယ်သည့် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများမှတဆင့် ဒေသတွင်းသြဇာကြီးမားလာပါသည်။ အခြားတဖက်မှ အမေရိကန်သည်လည်း ဒီမိုကရေစီမြှင့်တင်ရေး၊ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၊ လွပ်လပ်သော ကုန်သွယ်ရေးသဘောတူမှု များဖြင့် ၄င်း၏ ဒေသတွင်းလွှမ်းမိုးမှုကို ဆက်လက်ကြိုးပမ်းထိန်းသိမ်းထားပါသည်။

## ၂။ ဒေသတွင်း တရုတ် နှင့် အမေရိကန်တို့၏ မဟာဗျူဟာအရ အကျိုးစီးပွား ရလိုမှုများ

တရုတ်နှင့် အမေရိကန် တို့၏ အရှေ့တောင်အာရှမှ မဟာဗျူဟာကျ အကျိုးစီးပွားရလိုမှုများသည် သိသာထင်ရှားပါသည်။ တည်နေရာအရ အိမ်နောက်ဖေးခြံလိုဖြစ်နေသော အရှေ့တောင်အာရှဒေသသည် တည်နေရာချင်းဆက်စပ်မှုနှင့် တောင်တရုတ်ပင်လယ်ကဲ့သို့နေရာများသို့ ပိုမိုကောင်းမွန်သောပင်လယ်ရေကြောင်းလမ်းများရရှိနိုင်မှုတို့ကြောင့် တရုတ်၏စီးပွားရေးနှင့် စစ်ရေးမဟာဗျူဟာအတွက် အလွန်အရေးပါပါသည်။ တရုတ်သည် အရှေ့တောင်အာရှဒေသမှသဘာဝ အရင်းအမြစ်များ၊ ဈေးကွက်သစ်များအပြင် ၄င်း၏ ခေတ်သစ် ပိုးလမ်းမ စီမံကိန်းကဲ့သို့ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများအတွက်လိုအပ်သော မိတ်ဖက်များလည်း ရရှိပါသည်။

တရုတ်သြဇာကြီးမားလာမှုကို တန်ပြန်ထိန်းသိမ်းနိုင်ရန်တွက် အရှေ့တောင်အာရှဒေသသည် အမေရိကန်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာတွင် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ အမေရိကန်သည် ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နှစ်ရှည်စစ်ရေး မဟာမိတ် အဖြစ်ရပ်တည်ပြီး ဒေသတွင်း အရေးပါသော ရေတပ်တည်ရှိမှုကိုထားရှိနိုင်သည်။ ထို့အပြင် တရုတ်၏ အာဏာရှင်အုပ်ချုပ်မှုစနစ်ကို

တန်ပြန်သည့်အနေဖြင့် အမေရိကန်သည် တရားဥပဒေစိုးမိုးရေး၊ လွတ်လပ်ခွင့်အရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးတို့ကို မြှင့်တင်ပေးသူအဖြစ်လည်း ဆက်လက်နေရာယူထားပါသည်။

## ခ)	အမေရိကန်-တရုတ် အားပြိုင်မှု စစ်မြေပြင်၊ မြန်မာနိုင်ငံ

### ၁။	မြန်မာနိုင်ငံ၏ တည်နေရာနှင့် သဘာဝ အရင်းအမြစ်များ အရ မဟာဗျူဟာကျ အရေးပါမှု

တောင်အာရှနှင့် အရှေ့တောင်အာရှ လမ်းဆုံတွင်တည်ရှိပြီး တရုတ်၊ အိန္ဒိယတို့နှင့် နယ်မြေချင်းထိစပ်နေမှုတို့ကြောင့် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ ထူးခြားသည့်တည်နေရာကို ပိုင်ဆိုင်ထားပါသည်။ ထို့အတွက်အကြောင့် မြန်မာနိုင်ငံသည် တရုတ်နှင့် အမေရိကန်တို့အတွက် မဟာဗျူဟာအရ ပိုမိုအရေးပါလာပါသည်။ မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ အဖိုးတန်သတ္တုများအပါ သဘာဝအရင်းအမြစ်များ ပေါများစွာရရှိနိုင်မှုသည် ဩဇာအာဏာကြီးထွားလိုသည့် နိုင်ငံတိုင်းအတွက် တပ်မက်စရာဖြစ်ပါသည်။ ဘင်္ဂလားပင်လယ်အော်တလျှောက် ကမ်းရိုးတန်းတည်ရှိမှု၊ အရေးပါသောပင်လယ်လမ်းကြောင်းများနှင့် နီးကပ်နေမှုတို့ကလည်း မြန်မာနိုင်ငံ၏ မဟာဗျူဟာကျအရေးပါမှုကို ပိုမိုအားကောင်းစေပါသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ရေတပ်ပိတ်ဆို့မှုနှင့် ပင်လယ်ဓါးပြ အန္တရာယ်ရှိနိုင်ပြီး လက်ရှိလည်းအသုံးများလွန်းသော မလက္ကာရေလက်ကြားမလိုပဲ အိန္ဒိယသမုဒ္ဒရာကိုတိုက်ရိုက်ဆက်သွယ်လမ်းကြောင်းပေးနိုင်ပါသည်။ ရေနံနှင့်သဘာဝဓါတ်ငွေ့တင်သွင်းရန်

အိန္ဒိယသမုဒ္ဒရာကို ဖြတ်ရသဖြင့် တရုတ်အတွက် ၄င်းလိုအပ်သော စွမ်းအင်များ အနှောက်အယှက်မရှိရနိုင်ရန် ထိုအချက်သည် အထူးအရေးပါပါသည်။ တဖက်တွင် အမေရိကန်သည် မြန်မာနိုင်ငံအား ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ပြဿနာများရှိသည့် အင်ဒို-ပစိဖိတ် ဒေသ၏ အစိတ်အပိုင်းတခုအနေဖြင့်မြင်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်ခြင်း၊ မတည်ငြိမ်ခြင်းများသည် အမေရိကန်၏ အရှေ့တောင်အာရှဒေသပေါ် ဩဇာလွှမ်းမိုးမှုအပြင် ဒေသတွင်းလုံခြုံမှုအပေါ်လည်း ကြီးမားသော သက်ရောက်မှုများရှိပါသည်။

## ၂။ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဩဇာလွှမ်းမိုးမှု၊ ခေတ်သစ်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative)၊ ပိုက်လိုင်းများနှင့်အခြေခံအဆောက်အအုံစီမံကိန်းများ

တရုတ်သည် မြန်မာ့စီးပွားရေးအတွက် ဒေါ်လာဘီလီယံဖြင့်ချီ၍ အခြေခံအဆောက်အအုံများ၊ စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ရှာဖွေထုတ်လုပ်မှု စီမံကိန်းများဖြင့် ရင်းနှီးမြှုပ်နှံထားသည့် အဓိကအရေးပါသူဖြစ်ပါသည်။ ခေတ်သစ်ပိုးလမ်းမ စီမံကိန်းမှ တဆင့် ကားလမ်း၊ မီးရထားလမ်း၊ ဆိပ်ကမ်းများကဲ့သို့ အခြေခံအဆောက်အအုံများ တည်ဆောက်ရန် မြန်မာနိုင်ငံအား တရုတ်သည် ထောက်ပံ့ထားပြီးဖြစ်သည်။ တရုတ်၏ယူနန်ဒေသနှင့် အိန္ဒိယသမုဒ္ဒရာကို ဆက်သွယ်ပေးမည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် တရုတ်၏ မဟာဗျူဟာအရ အရေးပါသည့်စီမံကိန်းများမှတစ်ခုဖြစ်သည်။ ၄င်းစီမံကိန်းတွင် ရေနံနှင့်သဘာဝဓါတ်ငွေ့များကို မလက္ကာရေလက်ကြားမှ

တင်သွင်းမှုတခုတည်းကို မှီခိုအားထားစရာမလိုပဲ ဘင်္ဂလားပင်လယ်မှ တရုတ်သို့ ပိုက်လိုင်းများဖြင့် တိုက်ရိုက်ပို့ဆောင်ခြင်းများ ပါဝင်ပါသည်။ တရုတ်၏ အိန္ဒိယသမုဒ္ဒရာဖြတ်သန်းကုန်သွယ်မှု၏ ဗဟိုချက်အဖြစ် မျှော်မှန်းထားသည့် ရခိုင်ဒေသမှကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အထိပါ တရုတ်၏ရင်းနှီးမြှုပ်နှံမှုများတိုးချဲ့နေပြီးဖြစ်ပါသည်။ ၎င်း စီမံကိန်းများသည် တရုတ်အတွက် စီးပွားရေးအကျိုးအမြတ်များအပြင်၊ ဒေသအတွင်း မဟာဗျူဟာကျရပ်တည်နိုင်မှုအတွက်လည်း အကျိုးရှိစေ နိုင်ပါသည်။ တချိန်တည်းတွင် ၎င်းတို့ကြောင့်လည်း တရုတ်၏ မြန်မာ အပေါ်ဩဇာလွှမ်းမိုးမှု ပိုမိုကြီးမားလာမည့်စိုးရိမ်မှုများ၊ ဝေဖန်မှုများသည် လည်းမြင့်တက်လာပြီး တရုတ်၏ရင်းနှီးမြှုပ်နှံမှုများအပေါ်မှီခိုရမှုများ သည့်အတွက် မြန်မာ့ အချုပ်အချာ အာဏာကိုပါ ထိခိုက်လာနိုင်သည်ဟု စိုးရိမ်မှုတချို့လည်းပေါ်ပေါက်လာပါသည်။

## ၃။ အမေရိကန်၏ ဒီမိုကရေစီ၊ လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့် တရုတ်ဩဇာလွှမ်းမိုးမှုကို တန်ပြန်ခြင်း

အမေရိကန်သည် မြန်မာနိုင်ငံကို တရုတ်နှင့် မတူသည့် ချဉ်းကပ်မှုများ လုပ်ဆောင်ခဲ့ပါသည်။ အမေရိကန်သည် ဒီမိုအရေစီနှင့် လူ့အခွင့်အရေး မြှင့်တင်ရန် အားပေးထောက်ခံကူညီလိုခြင်းများကို အဓိကထားပါသည်။ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးအပြီး ၂၀၁၁ မှစ၍ ဒီမိုကရေစီ အမည်ခံ အစိုးရ ပြုပြင်ပြောင်းလဲမှုများအတွင်း အမေရိကန်မှ မြန်မာနိုင်ငံ၏ ဒီမို ကရေစီကူးပြောင်းရေးကြိုးပမ်းမှုများကို ကြိုးစားထောက်ပံ့ခဲ့ပါသည်။ စီးပွားရေးပိတ်ဆို့မှုများဖယ်ရှားပေးခြင်း၊ ဖွံ့ဖြိုးရေးအကူအညီများပေး ခြင်းများအပြင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စ များအတွက် မြန်မာအစိုးရနှင့်ဆက်ဆံမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ ပါသည်။

သို့သော် ၂၀၂၁ ဖေဖဝါရီ တွင် ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်ခံ အစိုးကိုဖြုတ်ချပြီး မြန်မာစစ်တပ်မှ အာဏာသိမ်းမှုကြောင့် အမေရိကန်သည် ၎င်း၏မြန်မာ့မူဝါဒကို ပြန်လည်သုံးသပ်ပြင်ဆင်ခဲ့ပါသည်။ မြန်မာစစ်တပ်နှင့် ပတ်သတ်သောစီးပွားရေးများကို ပိတ်ဆို့ဒဏ်ခတ်မှုများ ပြန်လည်ချမှတ်ခဲ့ပါသည်။ ထို့အပြင် မြန်မာစစ်တပ်၏လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်တာဝန်ခံမှုရှိရန် နိုင်ငံတကာမှ ကြိုးပမ်းမှုများနှင့် နိုင်ငံတွင်းဒီမိုကရေစီ ဖေါ်ဆောင်ရေးလှုပ်ရှားမှုများ ကို အမေရိကန်မှ ဆက်လက်ထောက်ခံခဲ့ပါသည်။ တချိန်တည်းတွင် အမေရိကန်သည် မြန်မာနိုင်ငံအား ဒီမိုကရေစီမြှင့်တင်ရေးသာမက တရုတ်၏ အရှေ့တောင်အာရှဒေသအတွင်း ဩဇာလွှမ်းမိုးမှုကို တန်ပြန်ထိန်းသိမ်းရေး မဟာဗျူဟာ၏အရေးပါသော အစိတ်အပိုင်းတခုအနေဖြင့် ရှုမြင်သည်။ မြန်မာ့ဒီမိုကရေစီအရေးအား ကူညီပေးခြင်းဖြင့် တရုတ်အပေါ်မှီခိုမှုနည်းပြီး အနောက်တိုင်းတန်ဖိုးများဖြင့် ထိန်းညှိနိုင်သည့် အစိုးရတခု မြန်မာနိုင်ငံတွင်ပေါ်ပေါက်လာစေရန် အမေရိကန်နိုင်ငံက မျှော်မှန်းပါသည်။

## ဂ)　မြန်မာ့ပြည်တွင်းနိုင်ငံရေးအပေါ် အကျိုးသက်ရောက်မှုများ

### ၁။　တရုတ် နှင့် အမေရိကန် တို့၏ မူဝါဒများမှ မြန်မာ့ပြည်တွင်း နိုင်ငံရေး အခင်းအကျင်းအပေါ်လွှမ်းမိုးမှုများ

တရုတ်နှင့် အမေရိကန်တို့၏ ပထဝီနိုင်ငံရေးပြိုင်ဆိုင်မှုများသည် မြန်မာ့ပြည်တွင်းနိုင်ငံရေးအပေါ် သိသာထင်ရှားစွာသက်ရောက်မှုများ ရှိပါသည်။ ၂၀၂၁ အာဏာသိမ်းမှုအပေါ် ပြစ်တင်ရှုံ့ချရန်တွန့်ဆုတ်ဝန်လေးခြင်းအပါအဝင် တရုတ်၏ စစ်အစိုးရကိုထောက်ခံမှုများသည်

မြန်မာစစ်တပ်၏ ရပ်တည်ချက်ကို အားကောင်းစေပြီး၊ အမေရိကန်၏ စစ်အစိုးရအပေါ် လုပ်ဆောင်သည့် စီးပွားရေးပိတ်ဆို့ပြစ်ဒဏ်ခတ်မှုများနှင့် သံတမန်ရေးအရ အထီးကျန်စေခြင်းများသည် စစ်အစိုးရကို ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်စေဖို့ ဖိအားပေးရန်ရည်ရွယ်ပါသည်။ ယခုကဲ့သို့ အပြိုင်အဆိုင် ဩဇာလွှမ်းမိုးလိုမှုများသည် မြန်မာနိုင်ငံတွင်း တရုတ်နှင့်နီးစပ်မှုကိုလိုလားသူအဖွဲ့များနှင့် ဒီမိုကရေစီတိုက်ပွဲအောင်မြင်ရန် အမေရိကန်ကို ထောက်ခံလိုသူအဖွဲ့များ ဖြစ်ပေါ်လာကာ နိုင်ငံရေးကွဲလွဲမှုများကို နက်ရှိုင်းလာစေပါသည်။

## ၂။ စစ်အာဏာသိမ်းမှုအပေါ် နိုင်ငံတကာ၏နောက်ဆက်တွဲ တုံ့ပြန်မှုများ

မြန်မာနိုင်ငံတွင် ၂၀၂၁ စစ်တပ်၏ အာဏာသိမ်းမှုသည် တရုတ်-အမေရိကန် ပြိုင်ဆိုင်မှုကို ပိုမိုပြင်းထန်လာစေနိုင်သည့် အကြောင်းတရားတခု ဖြစ်လာသည်။ အမေရိကန်နှင့် သူ၏ မိတ်ဖက်နိုင်ငံများမှ အာဏာသိမ်းမှုကို ရှုတ်ချပြီး စစ်ခေါင်းဆောင်များအပေါ် ပိတ်ဆို့အရေးယူမှုများပြုလုပ်နေချိန်တွင် တရုတ်သည် မြန်မာ့နိုင်ငံရေး တည်ငြိမ်မှု၊ ဝင်ရောက်မစွက်ဖက်မှုတို့ကို အလေးပေးသည့်အနေဖြင့် စစ်အစိုးရနှင့် ကူးလူးဆက်ဆံမှုများ ဆက်လက်လုပ်ဆောင်ပါသည်။ ယခုကဲ့သို့ နိုင်ငံတကာ၏ ကွဲပြားသော တုံ့ပြန်မှုများသည် မြန်မာ့ပြည်တွင်းနိုင်ငံရေး အကျပ်အတည်းများကို ပိုမိုဆိုးရွားစေပြီး တရုတ်၏ထောက်ခံမှုကို အသုံးချပြီး မြန်မာစစ်တပ်သည် အနောက်နိုင်ငံများ၏ ဖိအားကိုခုခံနိုင်သည်။

## ၃။ မြန်မာ့ ပြည်တွင်းနိုင်ငံရေး မြင်ကွင်းအပေါ် နိုင်ငံတကာ ဖိအား၊ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုနှင့် သံတမာန်ရေးရာများ၏ လွှမ်းမိုးမှုများ

နိုင်ငံတကာဖိအားများ အထူးသဖြင့် အနောက်နိုင်ငံများ၏ ဖိအားပေးမှုများသည် မြန်မာ့ပြည်တွင်းနိုင်ငံရေးအပေါ် ပြင်းထန်သောအကျိုးသက်ရောက်မှုများ ရှိခဲ့ပြီးဖြစ်ပါသည်။ စီးပွားရေးပိတ်ဆို့ဒဏ်ခက်မှုများသည် စစ်တပ်ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းများအပါအဝင် မြန်မာ့အဓိက စီးပွားရေးကဏ္ဍများကို ပစ်မှတ်ထားပါးသည်။ သံတမာန်ရေးရာကြိုးပမ်းမှုများဖြင့်လည်း အနောက်နိုင်ငံများမှ စစ်အစိုးရကို နိုင်ငံတကာဇာတ်ခုံတွင် အထီးကျန်စေရန်ကြိုးပမ်းလျက်ရှိပါသည်။ သို့သော် တရုတ်၏ စီးပွားရေးနှင့်သံတမာန်ရေးရာ အထောက်အပံ့များသည် မြန်မာစစ်တပ်အတွက် နိုင်ငံတကာမှတောင်းဆိုသည့် ဒီမိုကရေစီနည်းလမ်းကျ ဆက်လက်အသွင်ပြောင်းရေး ဖိအားပေးမှုများကို တောင့်ခံရန် ဂယ်ပေါက်များဖြစ်လာပါသည်။ ဤအရာများသည် မြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေး တိုက်ပွဲများအပေါ် ပြင်ပအင်အားများ၏ သြဇာပိုမိုလွှမ်းမိုးသက်ရောက်လာသည့် ရှုပ်ထွေးသော အခြေအနေတစ်ခု ဖြစ်လာစေပါသည်။

## ဃ) မြန်မာ့ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံတကာ နိုင်ငံရေး အပြန်အလှန်ဆက်စပ်မှီခိုမှု

### ၁။ မြန်မာ့ ပြည်တွင်း နိုင်ငံရေး နှင့် နိုင်ငံခြား ဆက်ဆံရေး အပြန်အလှန် သက်ရောက်မှု

မြန်မာ့ ပြည်တွင်း နိုင်ငံရေး ၊ အထူးသဖြင့် စစ်တပ်၏ အခန်းကဏ္ဍ သည် နိုင်ငံခြားဆက်ဆံရေးအပေါ် သက်ရောက်မှုများ သိသိသာသာ ရှိခဲ့

ပါသည်။ အစိုးရကို စစ်တပ်က ထိန်းချုပ်ထားခြင်းကြောင့် အနောက်နိုင်ငံများနှင့် ဆက်ဆံရေး တင်းမာလာပြီး တရုတ်နှင့် ဆက်ဆံရေးသည် ပိုမိုနီးကပ်နက်ရှိုင်းလာခဲ့သည်။ အပြန်အလှန်အားဖြင့် နိုင်ငံတကာဖိအားများနှင့် ပိတ်ဆို့အရေးယူမှုများကြောင့် မြန်မာ့စီးပွားရေးအခက်အခဲများ ပိုမိုဆိုးရွားလာပြီး ပြည်တွင်းသဘောထားကွဲလွဲမှုများ ပိုမိုတိုးပွားလာပါသည်။ ဤသို့ ပြည်တွင်းနှင့် နိုင်ငံတကာ နိုင်ငံရေးကြား အပြန်အလှန်ဆက်စပ်မှုသည် မြန်မာ့နိုင်ငံရေး အခြေအနေ၏ ရှုပ်ထွေးပြီးမကြာခဏအပြန်အလှန်သက်ရောက်သည့် သဘောသဘာဝကို မီးမောင်းထိုးပြသည်။

## ၂။ မြန်မာ့ နိုင်ငံတကာဆက်ဆံရေးကို ပြည်တွင်းမှ ပုံဖော်နေသူများ (စစ်တပ်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့များ)

စစ်တပ်၊ နိုင်ငံရေးပါတီများ နှင့် တိုင်းရင်းသားအဖွဲ့များသည် မြန်မာ့နိုင်ငံတကာဆက်ဆံရေးကို ပြည်တွင်းမှ အဓိကပုံဖော်နေသူများဖြစ်ပါသည်။ စစ်တပ်၏လွှမ်းမိုးချုပ်ကိုင်မှုများသည် တရုတ်နှင့် ပိုမိုနီးစပ်လာပြီး နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအဖွဲ့များသည် ဒီမိုကရေစီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိရေးကြိုးပမ်းမှုများအတွက် နိုင်ငံတကာ၏ ထောက်ခံမှုများကို ရှာဖွေလာကြသည်။ ထိုသို့ ပြည်တွင်းအင်အားစုများ၏ မြန်မာ့အနာဂါတ်အပေါ်မတူညီသည့် အမြင်များ၊ နိုင်ငံတကာမှ အင်အားကြီးနိုင်ငံများနှင့် စပ်ဆက်ဆောင်ရွက်မှုများသည် နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒကို ပုံဖော်နေကြပါသည်။

## ၃။ မြန်မာ့ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုအပေါ် နိုင်ငံတကာ စွက်ဖက်မှု၏အကျိုးဆက်များ (သို့) အထောက်အပံ့များ

နိုင်ငံတကာ စွက်ဖက်မှု (သို့) ထောက်ပံ့မှုများသည် မြန်မာ့ပြည်တွင်း နိုင်ငံရေး တည်ငြိမ်မှုအား အကျိုးပြုသည်များရှိသလို ပိုမိုဆိုးရွား စေသည်များလည်းရှိပါသည်။ ဒီမိုကရေစီရေး လှုပ်ရှားမှုများကို နိုင်ငံတကာ၏ထောက်ခံမှုများသည် ဒီမိုကရေစီအနာဂတ်အတွက် မျှော်လင့်ချက်များ ပိုမိုခိုင်မာစေသလို နိုင်ငံရေးကွဲလွဲမှုများနှင့် စီးပွားရေး မတည်ငြိမ်မှုများကို ပိုမိုဆိုးရွားစေပါသည်။ တရုတ်၏ စစ်တပ်ကို ထောက်ခံမှုသည် စစ်အစိုးအရ၏ပြည်တွင်း ဖိနှိပ်ထိန်းချုပ်မှုကို အကူအညီပေးပြီး ဒီမိုကရေစီအင်အားစုများကို နာကြည်းစေကာ ပြည်တွင်းပဋိပက္ခများ ပိုမိုဖြစ်ပေါ်စေသည်။

## င) မြန်မာ့ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမေရိကန်-တရုတ် ပြိုင်ဆိုင်မှု၏ရေရှည်သက်ရောက်မှုများ

အမေရိကန်-တရုတ် ပြိုင်ဆိုင်မှုသည် မြန်မာ့ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံတကာဆက်ဆံရေးများ ပေါ်တွင်လေးနက် သည့် ရေရှည်သက်ရောက်မှုများရှိပါသည်။ ဤကမ္ဘာ့အင်အားကြီးနှစ် နိုင်ငံကြား ပြိုင်ဆိုင်မှုသည် မြန်မာနိုင်ငံကို သိမ်မွေ့ရှုပ်ထွေးပြီး နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းသည် ပြည်ပအင်အားစုများပေါ်တွင် ကြီးမားစွာမှီခိုရ သည့် အနေအထားသို့ ကျရောက်စေပါသည်။

**၁။ ပြည်တွင်းသက်ရောက်မှုများ။** ။ တရုတ်နှင့် အမေရိ ကန်ကြား ပြိုင်ဆိုင်မှုသည် စစ်အာဏာရှင်တို့၏ အခန်းကဏ္ဍကို အားဖြည့်စေပြီး စစ်တပ်သည် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှု များကို တရုတ်၏ စီးပွားရေးနှင့် နိုင်ငံရေးအရ ပံ့ပိုးမှုများဖြင့် ခုခံကာကွယ် လာသည်။ ယင်းပြိုင်ဆိုင်မှုသည် မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှုများကို အဟန့်အတားများဖြစ်စေပြီး နိုင်ငံရေးမတည်ငြိမ်မှုများ ပိုမိုနက်ရှိုင်းလာ

စေကာ ပြည်တွင်းရေးကွဲလွဲမှုများကို ပိုမိုဆိုးရွားလာစေသည်။ စစ်အစိုးရသည် တရုတ်အပေါ်ပိုမိုမှီခိုလာပြီး မြန်မာနိုင်ငံသည် အနောက်အုပ်စုများနှင့် ပိုမိုဝေးကွာလာကာ ဒီမိုကရေစီအင်အားစုများသည်လည်း အရှိန်အဟုန်ရရှိရန် အခွင့်အလမ်းများဆုံးရှုံးလာသည်။ ထို့အပြင် ဤပထဝီဝင်နိုင်ငံရေး တင်းမာမှုကြောင့် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ မှေးမှိန်နေသေးသည်။ အခြေခံအဆောက်အအုံနှင့် သယံဇာတထုတ်ယူခြင်းများတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုများသည် ရေတိုစီးပွားရေးအကျိုးအမြတ်များ ပေးစွမ်းနိုင်သော်လည်း ၎င်းတို့သည် ရေရှည်ကြွေးမြီများနှင့် အချုပ်အခြာအာဏာဆုံးရှုံးစေနိုင်ခြင်းတို့ မကြာခဏဖြစ်လေ့ရှိသည်။ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် မတူကွဲပြားသော နိုင်ငံပေါင်းစုံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မရရှိနိုင်ခြင်းသည် မြန်မာနိုင်ငံ၏စီးပွားရေးအခွင့်အလမ်းများကို အကန့်အသတ်များဖြစ်စေပြီး ဩဇာကြီးသောနိုင်ငံတခုတည်းပေါ်တွင်သာ မှီခိုရစေသည်။ တရုတ်နိုင်ငံအပေါ်မှီခိုအားထားမှုသည် မြန်မာနိုင်ငံအား စီးပွားရေးမှီခိုမှုသံသရာတွင် ပိတ်မိစေနိုင်ပြီး စဉ်ဆက်မပြတ်ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုရရှိနိုင်ရန် ခက်ခဲစေသည်။

**၂။ နိုင်ငံတကာတွင်သက်ရောက်မှုများ။** ။ အမေရိကန်နှင့် တရုတ်တို့၏ ပြိုင်ဆိုင်မှုသည် မြန်မာနိုင်ငံကို ပိုမိုကြီးမားသည့် ပထဝီနိုင်ငံရေး ကစားပွဲ၏ နယ်ရုပ်တခုဖြစ်စေသည်။ မြန်မာ့နိုင်ငံခြားရေးမူဝါဒသည် ထိုအင်အားကြီးပြိုင်ဆိုင်မှုများကို ထိန်းညှိနေရသဖြင့် အကန့်အသတ်များစွာ ရင်ဆိုင်ရပြီး မိမိ၏အကျိုးစီးပွားရရှိရေးထက် သူတပါး ဩဇာအချုပ်အနှောင်ခံ အနေထားများနှင့် မကြာခဏရင်ဆိုင်ရသည်။ ယခုကဲ့သို့ လွတ်လပ်စွာလုပ်နိုင်စွမ်းမရှိခြင်းကြောင့် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ထိရောက်စွာမညှိနှိုင်းနိုင်ပဲ နိုင်ငံကြီးများ၏ မဟာဗျူဟာ အကျိုးစီးပွားအတွက်သားကောင်သဖွယ်ဖြစ်ရသည်။

ရေရှည်တွင် အခြားနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ခိုင်မာပြီး လွှပ်လပ်သောဆက်ဆံရေး မတည်ဆောက်နိုင်ပဲ မြန်မာနိုင်ငံသည် ကမ္ဘာ့ အသိုက်အဝန်းနှင့် ပိုမိုဝေးကွာလာနိုင်ပါသည်။

## စ) ပထဝီနိုင်ငံရေးတင်းမာမှုများကြားမှ မြန်မာနိုင်ငံ၏ ရှေ့ခရီးလမ်းများ

ပထဝီနိုင်ငံရေးအခင်းအကျင်းအရ စိန်ခေါ်မှုအခက်အခဲများ ရှိနေသော်လည်း မြန်မာနိုင်ငံအနေဖြင့် လက်ရှိအကျပ်အတည်းများကို ဖြေရှင်းပြီး အမေရိကန်-တရုတ် ပြိုင်ဆိုင်မှု၏ သက်ရောက်မှုများကို လျော့ချပေးနိုင်သည့် ရှေ့ဆက်ရန်လမ်းများရှိပါသည်။ ထိုလမ်းကြောင်းများတွင် ပြည်တွင်းနှင့်နိုင်ငံတကာ အခြေအနေများကို သေချာစွာ ဘက်မျှဆောင်ရွက်နိုင်ရန်လိုအပ်ပြီး ရေရှည်တည်ငြိမ်မှု၊ အချုပ်အချာအာဏာနှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးမှုများပေါ်တွင် အာရုံစိုက်ဆောင်ရွက်ရမည်။

### ၁။ တရုတ်နှင့်အနောက်နိုင်ငံများကြား ဆက်ဆံရေးကို ဟန်ချက်ညီစေခြင်း

မြန်မာ့ခေါင်းဆောင်ပိုင်းသည် တရုတ်နှင့် အနောက်နိုင်ငံ ဆက်ဆံရေးများကို ဘက်မျှညီညွတ်စေရန်လုပ်ဆောင်ရမည်။ မြန်မာနိုင်ငံ၏ မဟာဗျူဟာအနေအထားကို ထိရောက်စွာအခြေခံပြီး တခုတည်းသောနိုင်ငံကြီးပေါ်တွင်မှီခိုခြင်းကို ရှောင်ရှားနိုင်မည့် နိုင်ငံခြားရေးမူဝါဒ ရှိရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ် (သို့) အမေရိကန် တဖက်တည်းကို အလွန်နီးကပ်ညှိနှိုင်းဆောင်ရွက်မှုများကို ရှောင်ပြီး ပိုမိုဘက်မလိုက်သည့် ရပ်တည်ချက်ကိုဖော်ဆောင်ကာ နှစ်ဖက်စလုံးဖြင့် အကျိုးရှိစွာ စီးပွားရေးပူပေါင်းဆောင်ရွက်မှုများဆောင်ရွက်နိုင်ပါသည်။

ဤနည်းလမ်းတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးကိစ္စများတွင် တရုတ်နှင့် ဆက်ဆံဆောင်ရွက်သလို ဒီမိုကရေစီပြုပြင်မှုများ (သို့) လူသားချင်းစာနာမှု အကူအညီများတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ပြီး မိမိ၏ အချုပ်အချာအာဏာနှင့်လွတ်လပ်မှုကို ထိန်းသိမ်းကာ ၎င်းတို့ နှစ်နိုင်ငံစလုံးနှင့် ပါးနပ်စွာ ရွေးချယ်ဆက်ဆံရန် လိုအပ်ပါသည်။

## ၂။ အာစီယံနှင့် ဒေသတွင်း နိုင်ငံများဖြင့် ပိုမိုထိတွေ့ဆက်ဆံခြင်း

သံတမန်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကွန်ရက်များချဲ့ထွင်သည့် အနေဖြင့် အိန္ဒိယနှင့် ဂျပန်တို့ကဲ့သို့ ဒေသတွင်း ဩဇာကြီး နိုင်ငံများ အပါအဝင် အာဆီယံ အဖွဲ့ဝင် နိုင်ငံများ ကို မြန်မာနိုင်ငံအနေဖြင့် နက်ရှိုင်းစွာ ထိတွေ့ဆက်ဆံသင့်ပါသည်။

အထူးသဖြင့် အာဆီယံသည် ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ၏ ထောက်ပံ့မှုများဖြင့် မြန်မာ့ပြည်တွင်း အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်သည့်အပြင် တရုတ်-အမေရိကန် ဩဇာပြိုင်ဆိုင်မှု၏ ဖိအားများလျော့ကျနိုင်ရေးအတွက်ပါ ပံ့ပိုးပေးနိုင်ပါသည်။ ဒေသတွင်းအရေးပါသူများဖြင့် နီးစပ်ခိုင်မာသည့် ဆက်ဆံရေးများရှိပါက တရုတ်အပေါ် အလွန်အကျွံမှီခိုမှု အန္တရယ်များလျော့ပါးစေပြီး ဒေသတွင်းပိုမိုတည်ငြိမ်မှုများ ရရှိစေနိုင်ပါသည်။

ထို့အပြင် မြန်မာသည် အိန္ဒိယ၊ ဂျပန်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှ ၎င်းတို့၏ ဖွံ့ဖြိုးရေးအကူအညီများ၊ လုံခြုံရေးဆိုင်ရာပူပေါင်းဆောင်ရွက်မှုများ၊ စီးပွားရေးရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ရရှိလာနိုင်သည်။ ထိုနှစ်နိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် ပိုမိုပါတ်သတ်မှုများရှိလာသည့် အတွက်ကြောင့် ၎င်းတို့နှင့် နီးကပ်စွာ ဆက်ဆံခြင်းသည် မြန်မာနိုင်ငံအား အမေရိကန်-တရုတ် တို့ထက်ကျော်လွန်သော ခိုင်မာ

သည့် နိုင်ငံတကာ ချိတ်ဆက်မှုများ ရရှိစေနိုင်သည်။ ထိုသို့ ပိုမိုကျယ်ပြန့်သည့် နိုင်ငံတကာ ဆက်ဆံရေးများသည် မြန်မာ့ ပထဝီနိုင်ငံရေးအရ အရေးပါမှုကို ပိုမိုအားကောင်းလာစေနိုင်သည်။ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုကြားမှ သားကောင်သဖွယ် ပိတ်မိနိုင်သည့် အန္တရယ်များလည်း လျော့ပါးလာမည်။

## ၃။ ပြည်တွင်းပြုပြင်ပြောင်းလဲမှုများနှင့် အားလုံးပါဝင်သော ဆွေးနွေးမှု

ပြည်တွင်းမြန်မာ့နိုင်ငံရေးလမ်းကြောင်းတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ တိုင်းရင်းသားအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ အားလုံးပါဝင်နိုင်မည့် ဆွေးနွေးမှုများ ပါဝင်ရမည်ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်မှုများဖြင့် ရေရှည်တည်တံ့သည့် တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မည်မဟုတ်သည့်အချက်ကို လက်ရှိမြန်မာခေါင်းဆောင်ပိုင်းမှ နားလည်သဘောပေါက်လက်ခံရမည်။ မြန်မာ့အကျပ်အတည်းများကို ရေရှည်ဖြေရှင်းနိုင်ရန်အတွက် အမျိုးသားရင်ကြားစေ့ရေးကို စစ်မှန်ရိုးသားစွာ ကတိပြုမှု၊ နိုင်ငံရေးဆွေးနွေးမှုနှင့် နိုင်ငံသားတိုင်း၏ အခွင့်အရေးကိုလေးစားသည့် အာဏာခွဲဝေမှုများ လိုအပ်ပါသည်။ အာဆီယံနှင့် ကုလသမဂ္ဂမှလည်း ပဋိပက္ခများကိုဖြန်ဖြေပေးခြင်းနှင့် တွေ့ဆုံဆွေးနွေးရေးအဆင်ပြေချောမွေ့စေရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ထောက်ပံ့ပေးနိုင်ပါသည်။ ပြည်တွင်းပြုပြင်ပြောင်းလဲရေးနှင့် အားလုံးပါဝင်သော အုပ်ချုပ်ရေးကို ဦးစားပေးခြင်းကြောင့် မြန်မာနိုင်ငံသည် ပြည်ပဝင်ရောက်စွက်ဖက်မှုကို ပိုမိုခံနိုင်ရည်ရှိပြီး မိမိ၏ကိုယ်ပိုင် ဖွံ့ဖြိုးတိုးတက်မှုကို စီမံခန့်ခွဲရန် ပိုမိုကောင်းမွန်သည့် နိုင်ငံရေးပါတ်ဝန်းကျင်ကို ဖန်တီးလာနိုင်သည်။ ထို့အပြင် အနောက်နိုင်ငံများနှင့် အလားအလာရှိသော ဆက်ဆံရေးအတွက် တံခါးဖွင့်ပေးထားသဖြင့် ပိတ်ဆို့အရေးယူ

မှုများ ဖြေလျှော့ပေးကာ နိုင်ငံတကာအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်သည်။

## ၄။ နိုင်ငံစုံ၊ နယ်ပယ်စုံ အဖွဲ့အစည်းများကို အသုံးပြုခြင်း

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ၊ နည်းပညာကျွမ်းကျင်မှုနှင့် နိုင်ငံတကာတရားဝင်မှုတို့ကို ရယူရန် ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကဲ့သို့သော နိုင်ငံပေါင်းစုံအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်။ အဆိုပါအဖွဲ့အစည်းများသည် စီးပွားရေးပြန်လည်ထူထောင်ရေး၊ အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများအတွက် အရေးပါသော အထောက်အပံ့များကို ပံ့ပိုးပေးနိုင်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းအခြေအနေကို တည်ငြိမ်စေရန်နှင့် ပြင်ပဩဇာကြီး နိုင်ငံတစ်ခုအပေါ်တွင်သာ မှီခိုအားထားနေရမှုကို လျှော့ချပေးနိုင်ပါသည်။ ထို့အပြင်၊ နိုင်ငံစုံအဖွဲ့အစည်းများသည် ရာသီဥတုပြောင်းလဲမှု၊ ပြည်သူ့ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော ကမ္ဘာ့စိန်ခေါ်မှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို အားပေးကူညီပါသည်။ ဘက်စုံပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သူအဖြစ် ရပ်တည်ခြင်းဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ နိုင်ငံတကာရပ်တည်မှုကို မြှင့်တင်နိုင်ပြီး တချိန်တည်းတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။

## ၅။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ကဏ္ဍစုံပါဝင်သည့်စီးပွားရေး

နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံသည် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးပြီး ၎င်း၏စီးပွားရေးကို ကဏ္ဍစုံပါဝင်သည့်

စီးပွားရေး ဖြစ်စေရန်အတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ သယံဇာတ တူးဖော်ရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံစီမံကိန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုအပေါ် အလွန်အကျွံ မှီခိုနေရခြင်းကြောင့် မြန်မာနိုင်ငံသည် စီးပွားရေးမတည်ငြိမ်မှုနှင့် ပြင်ပဖိအားများရရှိမှု အန္တရယ်များနှင့် ထိခိုက်လွယ်သောအခြေအနေများရရှိခဲ့သည်။ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုကို အလေးပေးရာတွင် ပညာရေး၊ ကျန်းမာရေး၊ အလိုအလျောက်ပြန်လည်ဖြည့်တင်းနိုင်သည့် စွမ်းအင် (renewable energy) ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသည် ပိုမို အားကောင်းပြီး ပြည်ပသြဇာအာဏာကို မှီခိုမှုနည်းသည့် စီးပွားရေးကို တည်ဆောက်နိုင်ပါသည်။ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုကို အားပေးခြင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) များကို ပံ့ပိုး ပေးခြင်းနှင့် စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းကဲ့သို့ သော ကဏ္ဍများကို မြှင့်တင်ခြင်းအားဖြင့် အလုပ်အကိုင်များ ဖန်တီးပေး ခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် လူနေမှုအဆင့်အတန်း မြှင့်တင် ပေးခြင်းများ ပြုလုပ်နိုင်သည်။ ပိုမိုကဏ္ဍစုံလင်သော စီးပွားရေးသည် မြန်မာ့ တိုးတတ်ဖွံ့ဖြိုးရေးကို ပံ့ပိုးသည့်အပြင် တရုတ်နှင့် အမေရိကန်၏ ပြင်ပမှ ချယ်လှယ်မှုများ၏ အန္တရယ်များကို ကူညီ ကာကွယ် ပေးနိုင်ပါသည်။

## နိဂုံးချုပ်

နိဂုံးချုပ်အနေဖြင့် အမေရိကန်-တရုတ် ပြိုင်ဆိုင်မှုကြား မြန်မာ၏ ရှေ့ဆက်ခရီးလမ်းကြောင်းတွင် ထိုအင်အားကြီး နှစ်နိုင်ငံစလုံးဖြင့် မဟာဗျူဟာမြောက် ဆက်ဆံရေးကို ထိန်းသိမ်းရန်နှင့် မိမိ၏ အချုပ်အခြာအာဏာကိုအခိုင်အမာရရှိရန် ဟန်ချက်ညီညီဆောင်ရွက် နိုင်မှုများရှိရန်လိုအပ်မည်ဖြစ်သည်။ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးခြင်း၊ ဒေသတွင်းနှင့် နိုင်ငံပေါင်းစုံ နယ်ပယ်စုံ အဖွဲ့အစည်း

များဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြည်တွင်းနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၊ ရည်ရှည်တည်တံ့မည့်ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ခြင်းများဖြင့် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးစိန်ခေါ်မှုများကိုကျော်လွှားနိုင်ကာ တည်ငြိမ်ပြီးဖွံ့ဖြိုးတိုးတက်သောအနာဂါတ်အတွက်အခြေခံအုတ်မြစ်များချသွားနိုင်မည်ဖြစ်ပါသည်။

မြန်မာ့အောင်မြင်မှု၏အဓိကသော့ချက်မှာ မြန်မာနိုင်ငံအနေဖြင့်မိမိ၏ဖွံ့ဖြိုးတိုးတက်မှုကို အမှီအခိုကင်းစွာရွေးချယ်လုပ်ဆောင်နိုင်မှုအပေါ်တွင်မူတည်ပါသည်။ တိုင်းပြည်တွင် မိမိအရေးကို မိမိကိုယ်တိုင်အဆုံးအဖြတ်ပေးနိုင်သည့်အင်အားရှိနေရန်လိုပါသည်။ အခြားနိုင်ငံ၏အကျိုးစီးပွားထက် မိမိပြည်သူများ၏အကျိုးစီးပွားကို ဦးစားပေးလုပ်ဆောင်နိုင်သော အချုပ်အခြာအာဏာ အပြည့်အဝရှိနေရန်လိုအပ်ပါသည်။



## ပထဝီဝင်နိုင်ငံရေးတင်းမာမှုများကြားမှ မြန်မာနိုင်ငံ၏ရှေ့ခရီးလမ်းများ

၁။ တရုတ်နှင့်အနောက်နိုင်ငံများကြား ဆက်ဆံရေးကို ဟန်ချက်ညီစေခြင်း

၂။ အာဆီယံနှင့် ဒေသတွင်း နိုင်ငံများဖြင့် ပိုမိုထိတွေ့ ဆက်ဆံခြင်း

၃။ ပြည်တွင်းပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းနှင့် အားလုံးပါဝင်သော ဆွေးနွေးမှု

၄။ နိုင်ငံစုံ၊ နယ်ပယ်စုံ အဖွဲ့အစည်းများကို အသုံးပြုခြင်း

၅။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ကဏ္ဍစုံပါဝင်သည့် စီးပွားရေးကို အားပေးခြင်း



RESEARCH, INSIGHTS, AND IDEAS

# The Knowledge Series

## အမေရိကန်နှင့်တရုတ်အကြားပြိုင်ဆိုင်မှုများ၏ မြန်မာနိုင်ငံအပေါ်သက်ရောက်မှုများ နှင့် မြန်မာနိုင်ငံအတွက်ရွေးချယ်နိုင်သော အခွင့်အလမ်းများ

သုတေသနစာစောင် အမှတ် - ၃

၂၀၂၄ ခုအောက်တိုဘာ ၂၆ ရက်